စိတ်ကူးသစ်စာပေ

# မြန်မာနိုင်ငံကိုချစ်သော ကရင် အမျိုးသားခေါင်းဆောင်များ

နေစိုးထက်



"ရတနာမြတ်သုံးပါး

အနန္တော၊ အနန္တငါးပါး ဦးထိပ်ထား၍ ...

•ဘဝတစ်ကွေ့တွေ့ခဲ့ရသည့်

•ထမင်းတစ်လုတ် ကျွေးခဲ့ဖူးသူ...

•ရေတစ်မှုတ် တိုက်ခဲ့ဖူးသူ...

•စကားတစ်ခွန်း ညွှန်းဆိုခဲ့ဖူးသူ...

နှင့်

ချစ်သူ၊ မုန်းသူတို့ အား

ထာဝရ ဂါရဝဖြင့်...


နေစိုးထက်

ဖုန်း-၀၉-၃၁၀၈၅၅၆၉

၀၉-၂၆၄၁၅၀၀၉၇

၀၉-၄၄၂၅၄၇၀၅၈



ဒေါက်မြတ်ဦး၊ (နေစိုးထက်၊ သုတေသီသက်ထွန်းမြင့်)

[ ၁၉၄၈ -       ]

## စာရေးသူ

၏

## ဘဝဖြတ်သန်းမှုခရီးအကျဉ်း

ငယ်မည်မှာ "ဦးကျင်သန်း"ဖြစ်သည် ။

၁၃၁၀ခု၊ တော်သလင်းလဆန်း(၄)ရက် တလင်္ာနေ့ ဖွားမြင်သည် ။ ဖခင် "ဦးထွန်းအောင်ကြည်(ဦးကြည်)၊ မိခင် ဒေါ်လှစိန်တို့ ၏ တစ်ဦးတည်းသောသားဖြစ်သည် ။ ဖခင်မှာ ရဲဝန်ထမ်း ဖြစ်၏။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ဖွားမြင်သည် ။ သို့ကြောင့် လားမသိ တောင်ပေါ်သွေးပါသည် ။ တောင်ပေါ်သားစိတ်ဓာတ်ရှိသည် ။ တိုင်းရင်းသား လူမျိုးများအား ချစ်ခင်သည် ။

စာရေးသူ၏ ငယ်ဘဝကံသည် မကောင်းခဲ့။ မိမိ(၅)နှစ်သားအရွယ်တွင် မိဘနှစ်ပါး၏ အိမ်ထောင်ရေးပြိုကွဲသဖြင့် ကြီးတော် "ဒေါ်အုန်းသန်း"နှင့် နေခဲ့ရသည် ။

ကြီးတော်ဒေါ်အုန်းသန်း၏ ခင်ပွန်းသည် "ဦးဝင်းမောင်"ဖြစ်ပြီး ဓာတ်ကန်ထရိုက်တာဖြစ်သည် ။ သားသမီးမရှိသဖြင့် သားအရင်းနှင့်မခြား ချစ်သည် ။ ဒုတိယကျေးဇူးရှင်ပင်။ ဦးဝင်းမောင် ဒေါ်အုန်းသန်းသည် ဒုတိယ ဖခင်၊ မိခင်နှယ် ဖြစ်ခဲ့သည် ။ မိရင်းဖရင်းထက် အချစ်ပိုခဲ့သည် ။

မိမိသည် ပညာရေးကို စိတ်ဝင်တစားမရှိပညာရေးထက် ကြိုးစားမှု၊ ကိုယ်ကျင့်သိက္ခာစောင့်ထိန်းခြင်းသာ အဓိကဟု ခံယူသည် ။

အင်းစိန် အစိုးရအထက်တန်းကျောင်း(၁)ထွက်ဖြစ်သည် ။ အင်းစိန်သားတစ်ပိုင်းဘဝနှင့် ဖြတ်သန်းခဲ့သည် ။

တိုင်းရင်းသားချစ်ကြည်ရေးနှင့် ရိုးရာအစဉ်အလာကို မြတ်နိုးသည် ။ ကျောင်းသားဘဝတွင် (၆)ခရိုင် ဆန္ဒပြပွဲ၊ ကိုလိုနီဆန့်ကျင်ရေး၊ နယ်ချဲ့

ဆန့်ကျင်ရေး၊ တိုက်ပွဲများ တွင် စိတ်အားထက်သန်စွာပါခဲ့သည် ။

ကရင်နီတောင်တန်းနှင့် ကချင်ပြည်နယ်ဘက် ခြေဆန့်ခဲ့ကာ စေတနာဆရာအဖြစ် မြှုပ်နှံခဲ့ဖူးသည် ။

၁၉၆၉ တွင် စာစရေးသည် ။ ဘားမားစတား၊ ဖလင်စတား စာစောင်များ ၊ အချစ်တော်စာစောင်များ နှင့် မဂ္ဂဇင်းများ တွင် စာရေးခဲ့သည် ။ ဝတ္ထု၊ ကဗျာ၊ အညွှန်း စုံသည် ။

ကိုကိုပွန်၊ အင်းစိန်မောင်လွမ်းနောင် ကလောင်မည်များ ယူခဲ့သည် ။ ပထမဆုံးဝတ္ထုသည် "နေနှင့် အတူ မိုးနှင့် အပြိုင် "က ကလောင်နာမည်မမှတ်မိတော့။ ထို့နောက် မွေးရပ်မြေအမှတ်တရအဖြစ် မြင့်နောင်(ကချင်)ကလောင်အမည်ခံယူသည် ။

"နေနှင့် အတူ မိုးနှင့် အပြိုင်" ကို လုံးချင်းအဖြစ် ပြောင်းရေးတော့ အပိတ်ခံရသည် ။ ကျောင်းသားအရေး၊ နိုင်ငံရေးကြောင့် ဟု သိရသည် ။

ငယ်စဉ်က ကွန်မြူနစ်ဝါဒကို ယုံကြည်လက်ခံခဲ့သည် ။ မြင့်နောင်(ကချင်) အမည်နှင့် "ငေါ်ချမ်းခချောင်းကို သက်သေတည်" နှင့် ကျောချင်းခိုင်း၍ မျက်နှာချင်းဆိုင် "ဟူသောည တိုင်းရင်းသား ချစ်ကြည်ရေးဝတ္ထုများ ရေးခဲ့သည် ။

မြင့်နောင်(ကချင်) အမည်သည် အငြိအစွန်းများ သဖြင့် ဆန္ဒအရ "အောင်မြတ်ဦး"အမည် ခံယူသည် ။

"အောင်မြတ်ဦး"အမည်ဖြင့် ပထမဆုံးရေးခဲ့သည့် ဝတ္ထုသည် "ငွေကို ရေလိုသုံးတစ်လောကလုံးကို စိန်ခေါ်" ဝတ္ထုဖြစ်သည် ။ အချစ်၊ လျှို့ဝှက်သည်းဖိုဝတ္ထု(၇)အုပ် ရေးခဲ့သည် ။

လျှို့ဝှက်သည်းဖို ဝတ္ထုများ ၊ ကဗျာများ ရေးခဲ့သည် ။

၁၉၇၀ ခုနှစ်၌ ဒေါ်အေးအေးဝင်း (တေးသံရှင် အေးအေးမူ) နှင့် အကြောင်းပါသည် ။ သုခုမအောင်သံ (ကြေးစား)ဝိုင်းအား ကိုလေးမြင့်နှင့် ပူးတွဲကာ သုံးနှစ်တာဝန်ယူ၍ မြန်မာ့အသံမှ အသံလွှင့်ခဲ့သည် ။

သုခုမအောင်သံ တေးဂီတဝိုင်းပိုင်ရှင် ဂီတစာဆို ကိုသစ်အောင်သည် ဂီတဆရာဖြစ်သည် ။

ဒါရိုက်တာ၊ ကဗျာဆရာ ပိုင်သနှင့် ပေါင်း၍ လင်းယုန်လွမ်းချင်း၊ ဟိုက်ဝေးစတား၊ အဝေးဆုံးလမ်း အလင်းဆုံးကြယ်၊ သဘာဝချစ်စု၊ နေလ၊ မျှဉ်းပြိုင်၊ အချစ်ဆုံးရဲကေသရာဇာ စသည့် ဇာတ်ကားများ တွင် ဝတ္ထုဇာတ်ညွှန်းအဖြစ် ရေးသားခဲ့သည် ။

လှိုု့ဝှက်သည်းဖို၊ အချစ်၊ ဝတ္ထုရှည်(၇) အုပ်နှင့် ဝတ္ထုတို(၁၅၀)၊ ဆောင်းပါး(၂၀၀)ကျော် ရေးသားခဲ့သည် ။

ထို့နောက် နေစိုးထက်၊ သုတေသီ သက်ထွန်းမြင့်အမည်များ ခံယူပြီး "နေစိုးထက်"အမည်ဖြင့် အတ္ထုပ္ပတ္တိများ ရေးသားပြီး သုတေသီသက်ထွန်းမြင့်အမည်ဖြင့် ဘာသာရေး၊ လူမှုရေး၊ ပရလောကဝတ္ထုများ ရေးသားခဲ့သည် ။ လှိုင်သာယာစာပေနှင့် စာနယ်ဇင်းအဖွဲ့၌ အတွင်းရေးမှူး၊ ဥက္ကဋ္ဌအဖြစ် (၁၂)နှစ် တာဝန်ယူခဲ့သည် ။

ဒေါ်အေးအေးဝင်းနှင့် သားသမီး(၅)ဦးထွန်းကားခဲ့ပြီး သမီးတစ်ဦး ကွယ်လွန်သွားခဲ့သည် ။ သား(၃)ဦး၊ သမီး(၁)ဦး လက်ရှိ ရှိ၏။

ထို့နောက် "ဇူလိုင်မိုး"နှင့် အကြောင်းပါသည် ။ "ခင်မိုးစက်ဦး"အမည်ရှိ သမီးတစ်ဦး ထွန်းကားသည် ။

စာပေလောက၌ အောင်မြတ်ဦးအမည်နှင့် "မိန်းမတို့ ၏ လှို့ဝှက်ချက်"၊ "မိန်းမတို့ ၏ အတွင်းသဘော"နှင့် ကမ္ဘာကျော်ပုဂ္ဂိုလ်တို့ ၏ ဇနီးမ

ယားတို့ အတွင်းရေးသည် ထင်ရှားသကဲ့သို့ "ဦးသိန်းစိန် (သို့မဟုတ်) ဒီမိုကရေစီပဲ့ကိုင်သူ "လည်း ထင်ရှား၏။

"နေစိုးထက်ကလောင်အမည်ဖြင့်" "ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ဗိုလ်ချုပ်ကတော် သီရိသုဓမ္မဒေါ်ခင်ကြည်" "အောင်ဆန်းစုကြည် သို့မဟုတ် ခရောင်းလမ်းမှ ပန်းသခင်"၊"ဦးသိန်းစိန် (သို့မဟုတ်) ရွှေနိုင်ငံကို စိန်စီပေးချင်သူ"၊"ဟိုချီမင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်" "ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (သို့မဟုတ်) ငါ့နိုင်ငံတော်က နိုင်ငံသား၊ ငါ့တပ်မတော်အတွက် "စာအုပ်များ နှင့် ထင်ရှားသည် ။

သုတေသီသက်ထွန်းမြင့်အမည်ဖြင့် ပရလောကဝတ္ထုများ ၊ ဘာသာရေးစာပေနှင့် လူသိများ သည် ။

အသက်ခန္ဓာမြဲနေသမျှ စာပေရေးသားခြင်းနှင့် မွေ့လျော်နေမည် ဖြစ်သည် ။

ဝတ္ထုရှည် (၁၆၅)အုပ်၊ ဝတ္ထုတို (၃၀၀)ကျော်၊ ဆောင်းပါး (၂၅၀)ကျော် ရေးသားခဲ့၊ ရေးသားဆဲရှိပြီး အမှတ် (၁၈၀/က)၊ ဘုရင့်ဂဏီလမ်း၊ (၁) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်တွင် နေထိုင်သည် ။

စာရေးဆရာအသင်းဝင်အမှတ် "၁၉၈၃"ဖြစ်သည် ။

*

# နိဒါန်း သို့မဟုတ်
# မှတ်မှတ်ရရဖြစ်နေသော
# မြန်မာပြည်ချစ် ကရင်အမျိုးသားများမှ သည်

သတင်းဂျာနယ်နှင့် မဂ္ဂဇင်းများကို အမှတ်တမဲ့ ဖတ်လိုက်မိရာမှ အမှတ်တရဖြစ်နေသော ပုဂ္ဂိုလ်များ စွာရှိခဲ့သည် ။

တချို့က မပီပိုးတဝါးရှိပြီး တချို့ကပြတ်ထင်သည် ။ တချို့က အရောင်၊ အရိပ်နှယ်ဖြစ်ပြီး၊ အချို့က အရုပ်နှယ်ပီပြင်သည် ။

တစ်ခုရှိသည် က မပီပိုးဝါးဖြစ်နေသည် မှာ ဖြစ်စေ၊ မပီပြင်ပြင်ရှိနေသည် ဖြစ်စေ၊ အရာရာသည် အမှတ်တမဲ့တွေ့ခဲ့သည် မှာ မှန်သော်လည်း နေလာနှင်းပျောက် ပျောက်သွားသည် မဟုတ်။ သူတို့ က သာမန်လူလိုမဟုတ်။

အမှတ်တရ ဖြစ်စေခဲ့သည် ။

နှလုံးသားတွင် ပြတ်ပြတ်ထင်ထင် စွဲရစ်နေ၏။ တစ်ခါတစ်ရံဆိုတာ အသိစိတ်မှ ပျောက်သွားသော်လည်း အကြောင်းတိုက်ဆိုင်မှုရှိခဲ့သည် နှင့် တစ်ပြိုင်နက် စူးစူးနစ်နစ် သတိရမိသည် ။

သူတို့ က သာမန်လူလိုမဟုတ်။

သူတို့ က လူများ ဖြစ်သဖြင့် အကောင်းအဆိုးဒွန်တွဲနေသည် မှာ မှန်သော်လည်း လူ့ဗာလတွေလို မကောင်းမှုအဆိုး ရှိခဲ့သည် မဟုတ်ခဲ့။

သူတို့ ကြုံခဲ့၊ ဖြစ်ခဲ့သည့် အဖြစ်က တိုင်းပြည်အတွက်ဖြစ်စေ၊ လူမျိုး အတွက်ဖြစ်စေ၊ တစ်စုံတစ်ခု အတွက် ဖြစ်နေသည် ကိုတွေ့ရ၏။

သူတို့ အဆိုးက ကိုယ်ကျိုးအတ္တအတွက်ပြုခဲ့သည့် အဆိုးမျိုးမဟုတ် သည် ကများ ၏။

ထို့ကြောင့် တစ်နေ့တွင် ကျွန်တော်အမှတ်တမဲ့ ကြုံတွေ့ခဲ့ရသည့် အဖြစ်များ ဘဝအချိုးအကွေ့များအား စာတစ်စောင် ပေတစ်ဖွဲ့ရေးရမ ည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည် ။

* * * * *

စင်စစ် စာဆိုသည် က ရေးမည်ဟု ဆုံးဖြတ်ထားသည် မှန်သော်လ ည်း လွယ်လွယ်ကူကူမရေးနိုင်ခဲ့။ ဆိုရလျှင် ယခုပရိသတ်လက်သို့ ရော က်နေပြီဖြစ်သည့် မြန်မာနိုင်ငံကိုချစ်သော ကရင်အမျိုးသားခေါင်းဆော င်များ စာအုပ်သည် သာမန်အပျော်ဖတ် စာပေများ မဟုတ်။

လူပုဂ္ဂိုလ်များ အကြောင်း ဖြစ်သလို သာမန်လူများ မဟုတ်။ သူတို့ က မြန်မာပြည်နိုင်ငံရေးနှင့် ဆက်နွယ်နေသူများ ဖြစ်သည် ။

နိုင်ငံအတွက်၊ လူမျိုးအတွက်၊ စွမ်းဆောင်ကြိုးပမ်းခဲ့သူများ ဖြစ်၏။ ယင်းသမို့ သူတို့ အကြောင်းကို ရေးမည်ဆိုတော့ အကိုးအကားကိုရှာရသ ည် ။

သူတို့ ကြုံတွေ့ခဲ့သည့် အကြောင်းအရာများ နှင့် ပတ်သက်၍ ဖြစ်စဉ် သဘာဝကို ချင့်ချိန်ရသည် ။ သုံးသပ်ရ၏။ အမှားဟု ဆိုသော်လည်း သူ တို့ အမှားသည် မည်သို့သောအမှားဖြစ်သည် ကို သုံးသပ်ရသည် ။

သူတို့ ၏ ဘဝဖြစ်တည်မှု၊ သူတို့ အတွေးအမြင်ကို ပုံဖော်နိုင်အောင် ကြိုးစားရသည် ။

အဓိကအားဖြင့် သူတို့ ဘဝဖြစ်တည်မှုတွင် ပါဝင်သည့် အားနည်းချက်၊ အားသာချက်ကို မှန်ကန်စွာ တင်ပြရ၏။

သို့မှ သာ စာဖတ်သူအတွက် အကျိုးတစ်စုံတစ်ရာ ခံစားရရှိနိုင်မည်ဖြစ်သည် ။

* * * * *

စင်စစ် ကရင်လူမျိုးသည် မြန်မာနိုင်ငံ၏ အထင်ကရ တိုင်းရင်းသား လူမျိုးစု တစ်စု ဖြစ်၏။

မြန်မာနိုင်ငံ၏ တိုင်းရင်းသားမျိုးနွယ်စုများ ၏ သမိုင်းကိုရေးရလျှင်၊ ကရင်လူမျိုးသည် လူမျိုးစုထုထည်ကြီးမားသည့် လူမျိုးတစ်မျိုး ဖြစ်၏။

ကရင်လူမျိုးတို့ သည် ရိုးသား၏။ ရဲရင့်ပြတ်သား၏။ ကရင်လူမျိုးတွင် ပိုးကရင်နှင့် စကောကရင်ဟူ၍ ရှိသည် ။

ကရင်လူမျိုးတို့ သည် မြန်မာနှင့် နီးစပ်သော လူမျိုးဖြစ်သကဲ့သို့ နယ်ချဲ့အရင်းရှင်များ စွာနှင့် ရင်းနှီးသူများ ဖြစ်သည် ။

ထို့ကြောင့် ရိုးသားသောကရင်တို့ သည် နယ်ချဲ့တို့ ၏ သွေးထိုးမှုဒဏ်ကိုခံခဲ့ရ၏။ နယ်ချဲ့တို့ ၏ သွေးထိုးမှုဒဏ်ကြောင့် ဗမာနှင့် ကရင်ကြားတွင် မဖြစ်သင့်သော အဖုအထစ်များ ဖြစ်ခဲ့သည် ။

ကရင်လူမျိုးတို့ သည် ရိုးသားသကဲ့သို့ ရဲရင့်သော လူမျိုးဖြစ်သဖြင့် ခေတ်အဆက်ဆက် ယုံကြည်မှုကဲခဲ့၏။ သို့ဖြင့် မလိုလားအပ်သည့် သောင်းကျန်းမှုတွင် အဓိကပါဝင်ခဲ့သည် ။ စစ်ရေးပညာရှင်တစ်ဦးက-

“ကရင်လူမျိုးတွေဟာ ရိုးသားသကဲ့သို့ ရဲရင့်ပြတ်သားကြသည် ။ အမျိုးကို ချစ်သည် ။ ဒါကြောင့် သည် နယ်ချဲ့သမားရဲ့ သွေးထိုးမှုစကားကို ယုံကြည်ပြီး ညီရင်းအစ်ကိုဖြစ်ခဲ့တဲ့ ဗမာအပေါ်သံသယဝင်ခဲ့တယ်။ သူပု

န်ထခွဲထွက်ဖို့ ကြိုးစားခဲ့တယ်။ ဒါပေမယ့် ကရင်လူမျိုးတွေဟာ ကိုယ့်မြေ၊ ကိုယ့်တိုင်းပြည်ကို တန်ဖိုးထားတယ်”

ဟု မှတ်တမ်းပြုသုံးသပ်ခဲ့သည် ကို မှတ်သားရဖူး၏။ မှန်သည် ၊ စာရေးသူကိုယ်တိုင် ကရင်လူမျိုးများ စွာနှင့် လက်ပွန်းတတီး ပေါင်းသင်းခဲ့ဖူး၏။ သည် အခါ ဤမှတ်ချက်မှန်ကြောင်း၊ ကရင်လူမျိုးတို့ သည် ရိုးသားသူ၊ သစ္စာရှိသူ၊ မယုတ်မာသူများ ဖြစ်သည် ကို တွေ့ရ၏။

ထို့ကြောင့် စာရေးသူသည် ချစ်သော ကရင်လူမျိုးတို့ ၏ အကြောင်းကိုရေးသားလိုသဖြင့် သုတေသနပြုခဲ့သည် ။

ဤ “မြန်မာပြည် နိုင်ငံကိုချစ်သော ကရင်အမျိုးသားခေါင်းဆောင်များ ” သည် ကျွန်တော်စုဆောင်းရှာဖွေ သုတေသနပြုထားသည့် ပုဂ္ဂိုလ်များ အကြောင်း ဖြစ်၏။

သို့သော် ထိုအကြောင်းများ သည် တိုင်းရင်းသားချစ်ကြည်ရေးကို သွေဖည်၍ ရေးခြင်းမဟုတ်။ အမှားအယွင်းရှိခဲ့သော် ပြုစုသူ၏ စုဆောင်းမှု အားနည်းခြင်းသာ ဖြစ်ပေသည် ။

စာရေးသူအား ခွင့်လွှတ်စေလိုပါသည် ။

ကရင်၊ ဗမာ ချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်စေသော်။

**စာဖတ်သူများ ရဲ့**

**နေစိုးထက်**

၁၅.၅.၂၀၁၇

*

# ဗိုလ်ချုပ်စမစ်ဒွန်း

သို့မဟုတ်

# သတ္တိသွေးနှင့်ရဲရင့်သူ



## ဗိုလ်ချုပ်စမစ်ဒွန်း သို့မဟုတ်
## သတ္တိသွေးနှင့် ရဲရင့်သူ

ဗိုလ်ချုပ်စမစ်ထွန်းသည် မြန်မာနိုင်ငံ၏ ပထမဆုံးသော တပ်မတော် တပ်ပေါင်းစု၏ စစ်ဦးစီးချုပ်ဖြစ်သည် ။

သူသည် ကရင်လူမျိုး ဖြစ်၏။

သူသည် ပထမဆုံး ဗြိတိသျှတပ်မတော်၌ အမှုထမ်းခဲ့သည် ။ သူသည် ရိုးသားသော ကရင်လူမျိုးတစ်ဦး ဖြစ်သကဲ့သို့ တာဝန်ကျေသူ၊ တာဝန်ကို ဦးစားပေးအမှုထမ်းရွက်သူ ဖြစ်သဖြင့် တပ်မတော်၌ ပြန်တမ်းဝင် အရာရှိဖြစ်ခဲ့၏။

ဒုတိယကမ္ဘာစစ် ပြီးဆုံးသောအခါတွင် ဗမာ့မျိုးချစ်တပ်မတော်ခေါင်းဆောင်များ နှင့် မဟာမိတ်တပ်များ ၏ အရှေ့တောင်အာရှ ဒေသဆိုင်ရာစစ်သေနာပတိ မောင့်ဘက်တန် သီဟိုဠ်နိုင်ငံ ကန္ဒီမြို့တွင် ဆွေးနွေးသဘောတူညီချက်အရ မျိုးချစ်တပ်မတော်ကို ဖျက်သိမ်း၍ တပ်သား ၅၀၀၀၊ အရာရှိ ၂၀၀ ပါဝင်သော အရန်တပ်သား ၃၀၀ အရာရှိ ၂၀၀ ပါဝင်သော ဗမာ့တပ်မတော်ကို ၁၉၄၅ ခုနှစ် အောက်တိုဘာလတွင် ပြန်လည်ဖွဲ့စည်းခဲ့၏။

မျိုးချစ်တပ်မတော်မှ တပ်ဖွဲ့ဝင်များကို အမှတ် (၃)၊(၄)၊(၅) ဗမာ့သေနတ်ကိုင် တပ်ရင်းအဖြစ် ဖွဲ့စည်းခဲ့၏။

၁၉၄၇ ခုနှစ် ရောက်သည် အထိ မြန်မာ့တပ်မတော်တွင် ဗမာလူမျိုး

များ ဖြင့် ဖွဲ့စည်းထားသည့် တပ်ရင်း(၃)ရင်းသာရှိပြီး ကျန်သည့် တပ်မတော်များမှာ တိုင်းရင်းသားလူမျိုးစုများ နှင့် ဖွဲ့စည်းထားသည့် တပ်ရင်းများ သာ ဖြစ်၏။

၎င်းတပ်များအား ဗြိတိသျှတို့ ၏ ဗမာ့တပ်မတော်ကွပ်ကဲမှုဌာန HeadQuarters Burma Army Commanell လက်အောက်၌ ထားရှိခဲ့သည် ကို တွေ့ရ၏။

ယင်းသို့စတင်ဖွဲ့စည်းစဉ်က ဗမာ့တပ်မတော်အား အုပ်ချုပ်ရန် ဗမာ့တပ်မတော် စစ်ဆေးရေးအရာရှိချုပ်အဖြစ် ခန့်ထားသူ “ဗိုလ်ချုပ်ကယ်လ်စီသောမတ်”သည် ၁၉၄၇ ခုနှစ်၌ ဖွဲ့စည်းသည့် ဗမာ့တပ်မတော်စစ်ဌာနချုပ်၌ ဗမာ့တပ်မတော်စစ်ဦးစီးချုပ် ဖြစ်လာခဲ့ရ၏။

သို့နှယ်ပင် ဒုစစ်ဆေးရေး အရာရှိချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီးစမစ်ဒွန်းသည် ဒုတိယစစ်ဦးစီးချုပ်ဖြစ်လာခဲ့၏။

ဤကဲ့သို့ပင် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးခါနီး အချိန်တွင် ၊ ဗြိတိသျှဗိုလ်ချုပ် ကယ်လ်စီသောမတ်နေရာတွင် ဗိုလ်ချုပ်ကြီးစမစ်ဒွန် စစ်ဦးစီးချုပ်ဖြစ်လာခဲ့ရာ ဗမာ့တပ်မတော်ကွပ်ကဲမှုအပိုင်းတွင် ထိပ်သီးခေါင်းဆောင်ဖြစ်ခဲ့၏။

* * * * *

၁၉၄၇ ခုနှစ်မှ ၁၉၄၉ ခုနှစ် အကုန်ပိုင်းကာလဖွဲ့စည်းသည့် မြန်မာ့တပ်မတော်အတွက် အရေးကြီးဆုံးကာလဟု ဆိုလျှင်လည်း မမှားချေ။

ထိုကာလသည် မြန်မာ့တပ်မတော်တွင် ခေါင်းဆောင်ပိုင်း အပြောင်းအလဲကာလလည်း ဖြစ်၏။

ပြောရလျှင် ထိုကာလသည် တပ်မတော်တွင် သာမဟုတ် မြန်မာနိုင်

ငံအတွင်း၌ ပြောင်းလဲမှုအပြင်းထန်ဆုံး ကာလဖြစ်ခဲ့၏။

ထိုအချိန်တွင် တပ်မတော်သားတို့ ည ပြင်ဆင်ဖွဲ့စည်းမှုကြောင့် မျိုးချစ်စိတ်ဓာတ်ပြင်းထန်သည့် လူငယ်အများ အပြားသည် တပ်မတော်တွင်းသို့ ဝင်ရောက်ကြချိန်လည်း ဖြစ်၏။

ထိုစဉ်က လူငယ်များ သည် ယနေ့တပ်မတော်၏ ခေါင်းဆောင်ပိုင်းတွင် အချက်အချာကျသည့် နေရာ၌ ပါဝင်ခဲ့ကြသည် ကို တွေ့ရ၏။


၁၉၄၇၊ ၁၉၄၉ ကာလသည် လွတ်လပ်ရေးရပြီးချိန်ဖြစ်သလို မြန်မာနိုင်ငံတွင် သောင်းကျန်းမှု အရှိန်အဟု န် ကြီးမားမှုကြောင့် တပ်မတော်တွင်း၌ ကြီးမားသည့် အပြောင်းအလဲသည် ရှိခဲ့၏။

ထိုအချိန် ၄.၁.၄၈ မှ ၁.၂.၄၉ ခုနှစ်ဖြစ်သည့် တစ်နှစ်နှင့် တစ်လကာလတွင် ဗမာပြည်ကွန်မြူနစ်ပါတီ တောခိုခြင်းနှင့် ကရင်အမျိုးသားတို့ ပုန်ကန်မှုဖြစ်ပေါ်ခဲ့၏။

သို့အတွက် တပ်မတော်တွင်းမှ ကရင်စစ်မှုထမ်းများအား ၁.၂.၄၉ နေ့တွင် လက်နက်သိမ်း၍ ခွင့်ရက်ရှည်ပေးခဲ့၏။

မြန်မာ့လွတ်လပ်ရေးရရှိချိန်တွင် တပ်မတော်ခေါင်းဆောင်ပိုင်းဖွဲ့စည်းပုံမှာ သေသပ်လှပြီး စစ်ဦးစီးချုပ်နေရာတွင် ဗိုလ်ချုပ်အဆင့်ရှိသူနှင့် စစ်ဦးစီးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ်သာရှိ၏။

ဒုတိယစစ်ဦးစီးချုပ်ဖြစ်သော ဗြိတိသျှ မျက်နှာဖြူအရာရှိ နေရာတွင် တိုးမြှင့်ခန့်အပ်ခြင်းခံရမှုကြောင့် ဒုတိယစစ်ဦးစီးချုပ်နေရာတွင် လစ်လပ်လျက်ရှိ၏။




ထို့နောက် လွတ်လပ်ရေးရပြီးနောက် လေးလမျှအကြာခန့် ၁၄.၄.၄၈ တွင် ဗမာ့တပ်မတော်၏ စစ်ဦးစီးချုပ်ဖြစ်သည့် စစ်ရုံး (war office) ကို ထပ်ဖွဲ့စည်းခဲ့ရာ တောင်ပိုင်းတိုင်း တိုင်းမှူးဗိုလ်ချုပ် စောကြာဒိုးမှာ ဒုတိယစစ်ဦးစီးချုပ်ရာထူးသို့ တိုးမြှင့်ပေးခြင်းခံရပြီး ခေါင်းဆောင်ပိုင်း အနေအထားအပြောင်းအလဲရှိခဲ့သည် ကို တွေ့ရ၏။

# စစ်ရုံး စတင်ဖွဲ့စည်းခြင်း

၁၄.၄.၄၈

စစ်ဦးစီးချုပ်
ဗိုလ်ချုပ်စမစ်ဒွန်း
၄.၁.၄၈ မှ ၃၀.၇.၄၈ ထိ

ဒုတိယ စစ်ဦးစီးချုပ်
ဗိုလ်မှူးချုပ် စောကြာဒိုး
၁၄.၄.၄၈ မှ ၃၀.၇.၄၈ ထိ

တောင်ပိုင်းတိုင်း တိုင်းမှူး
ဗိုလ်မှူးချုပ်အောင်သင်း
၁၄.၄.၄၈ မှ ၅.၂.၄၉ ထိ

မြောက်ပိုင်းတိုင်း တိုင်းမှူး
ဗိုလ်မှူးချုပ်နေဝင်း
၂၀.၁၂.၄၇ မှ ၁.၈.၄၈ ထိ

# အင်းစိန်တိုက်ပွဲကာလ အထင်ကရပုဂ္ဂိုလ်များ



ရဲဘော်သုံးကျိပ်ဝင်
ဗိုလ်ချုပ်ကြီးနေဝင်း



ရဲဘော်သုံးကျိပ်ဝင်
ဗိုလ်မှူးချုပ်ကျော်ဇော

ထိုအချိန်က ဗမာ့တပ်မတော်အတွင်း အခြေအနေရှုပ်ထွေးနေချိန်ဖြစ်သည် ။ ၁၉၄၈ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ကွန်မြူနစ်များ သည် လည်းကောင်း၊ ဇူလိုင်လတွင် ရဲဘော်ဖြူများ သည် လည်းကောင်း၊ တောခိုခဲ့သည့် မှတ်တမ်းရှိ၏။

ကရင်လူမျိုးတို့ ၏ ပုန်ကန်မှုသည် မစသေး။ သို့သော် မလွဲမသွေစတင်တော့မည့် အခြေအနေတွင် ရှိနေ၏။

မှန်သည် ။

ကရင်တို့ သည် ၁၉၄၉ ခုနှစ် ဇန်နဝါရီလ “၂၅” ရက်နေ့တွင် မြို့သိမ်းတိုက်ပွဲများ နှင့် တရားဝင်စတင်ခဲ့ပြီဟု ဆိုရပေမည်။

ထို့ကြောင့် ကရင်ပုန်ကန်မှုသည် ကွန်မြူနစ်များ ထက် အနည်းငယ်နောက်ကျသည် ဟု ဆိုရပေမည်။

ယင်းသို့ ကွန်မြူနစ်များ နှင့် ရဲဘော်ဖြူများ တောခိုပြီးသည့် နောက်တွင် စစ်ဦးစီးချုပ် ဗိုလ်ချုပ်စမစ်ဒွန်း တာဝန်ယူနေချိန်၊ ဗိုလ်ချုပ်ရာထူးအား ဂုဏ်ထူးဆောင်အဖြစ် ရယူထားသည့် ရဲချုပ်ဦးထွန်းလှအောင်၊ လေတပ်ဦးစီးချုပ်ဒုဗိုလ်မှူးကြီး စောရှီရှီ၊ ဗိုလ်မှူးချုပ်စောကြာဒိုး၊ ဂုဏ်ထူးဆောင်ဗိုလ်မှူးချုပ် အဆင့်ရရှိထားသည့် ဦးတင်ထွဋ်တို့ ဦးဆောင်ပါဝင်သည့် နိုင်ငံတော်လုံခြုံရေးကောင်စီသည် နိုင်ငံရေးမငြိမ်မသက်မှုကို အခွင့်ကောင်းယူလျက် ဗမာ့သေနတ်ကိုင်တပ်ရင်းများမှ လက်နက်များကို သိမ်းယူရန် စီမံခဲ့သည် ။

ထိုအချိန်တွင် ဗမာ့တပ်မတော်၌ ဒုတိယဗိုလ်မှူးကြီး အဆင့်ရှိပြီး ရဲဘော်သုံးကျိပ်ဝင်လည်း ဖြစ်ပြီး ဩဇာရှိသည် မှန်သော်လည်း ကွန်မြူနစ်ပါတီဝင်ဖြစ်သည့် ဗိုလ်ဇေယျနှင့် ဗိုလ်ရဲထွဋ်တို့ သည် နိုင်ငံရေးမငြိမ်မ

သက်မှုကို အခွင့်ကောင်းယူလျက် ကာကွယ်ရေးနှင့် ပြည်ထဲရေးဝန်ကြီး ရာထူးပေးရန် တောင်းဆိုခဲ့ဖူးကြောင်း မှတ်တမ်းရှိ၏။

ထို့အတူ နိုင်ငံတော်လုံခြုံရေးကောင်စီမှ ဗမာ့တပ်မတော်မှ လက်နက်များ သိမ်းယူရန် သတင်းများ ရခဲ့သဖြင့် ကွန်မြူနစ်ခေါင်းဆောင်များနှင့် ညှိနှိုင်းပြီး ဦးသိန်းဖေမြင့်ခေါင်းဆောင်၍ လက်ဦးမှုရယူကာ အာဏာသိမ်းရန်စီစဉ်ခဲ့၏။

ထိုအချိန် ၁၉၄၈ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့မှ စတင်၍ ဒုတိယစစ်ဦးစီးချုပ်နှင့် ဒုတိယစစ်သေနာပတိ (တပ်ပေါင်းစု) အဖြစ်ခန့်အပ်ခြင်းခံရ၏။

ဗိုလ်ရဲထွဋ်နှင့် ဗိုလ်ဇေယျမှ လက်ဦးမှုရယူ အာဏာသိမ်းရေးအစီအစဉ်ကို ဗိုလ်ချုပ်နေဝင်းထံတင်ပြရာ ဗိုလ်ချုပ်နေဝင်းက သဘောမတူချေ။ ယင်းသို့ပြုလုပ်ခဲ့ပါက လုံခြုံရေးကောင်စီတွင် အာဏာရထားသော ဗိုလ်ချုပ်စမစ်ဒွန်းနှင့် ကရင်ခေါင်းဆောင်များက နိုင်ငံခြားအကူအညီယူပြီး ဗမာတပ်များအား ချေမှုန်းပါက အထိနာမည်ဖြစ်ကြောင်း သုံးသပ်ဝေဖန်သည် ။ "မြဝင်းပြုစုသည့် တပ်မတော်ခေါင်းဆောင်များ သမိုင်းအကျဉ်း (၁၉၄၁ ခုနှစ်မှ ၁၉၉၀ ပြည့်ထိ)"တွင် မှတ်တမ်းတင်ထားသည် ကို တွေ့ရ၏။

သို့နှယ်ပင် ထိုကျမ်း၌ ။

၁၉၄၈ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်နေ့တွင် ဗိုလ်ဇေယျ၊ ဗိုလ်ရဲထွဋ်နှင့် ဗမာ့သေနတ်ကိုင်တပ်ရင်း (၃) မှ တပ်သားတစ်ထောင်ကျော်ခန့်သည် မင်္ဂလာဒုံမှ မော်တော်ယာဉ်များ မဖြင့် ပြည်ဘက်သို့ ထွက်ခွာ၍ တောခိုခဲ့သည် ။

ဤသို့ဖြင့် ဗမာ့တပ်မတော်ခေါင်းဆောင်ပိုင်းမှ ကွန်မြူနစ်ပါတီနှင့်

အဆက်အသွယ်ရှိသူများ သည် တပ်မတော်နှင့် လည်ကောင်း၊ အမျိုးဘာသာရေးနှင့် ပတ်သက်၍ လည်းကောင်း ဖယ်ခွာကျောခိုင်းသွားကြ၏။

ရဲဘော်သုံးကျိပ် ဝါရင့်စစ်ခေါင်းဆောင်နှစ်ဦးလည်း ဆုံးရှုံးခဲ့ရ၏။

ဟု မှတ်တမ်းပြုခဲ့၏။

* * * * *

ထိုအခါ တပ်မတော်ဦးစီးချုပ် ဗိုလ်ချုပ်စမစ်ဒွန်းသည် ဗမာ့တပ်မတော်မှ တပ်အချို့တောခိုသည် ကို အကြောင်းပြ၍ ဗမာတပ်များကို ချိုးနှိမ်ခဲ့၏။

ကရင်လက်နက်ကိုင် တပ်ရင်းများအား လက်နက်ကြီးများ ရှင့် စက်သေနတ်များ အားဖွဲ့စည်ပုံထက် ကျော်လွန်၍ ထုတ်ပေးခဲ့၏။

ဟု "တပ်မတော်ခေါင်းဆောင်များ သမိုင်းအကျဉ်း" ၌ စာ (၁၃) ၌ ရေးသားကြခဲ့သလို။

ဗိုလ်ချုပ်စမစ်ဒွန်းသည် စစ်ဦးစီးချုပ်အနေနှင့် ကရင်သောင်းကျန်းမှု အတွက် အခွင့်သာစေရန် ဖန်တီးခွင့်ကို လက်ဝယ်ရရှိထားပြီး အသုံးပြုခဲ့၏။

၁၉၄၉ ခု၊ ဇန်နဝါရီလ (၂၅) ရက်နေ့မှ စ၍ ကရင်လက်နက်ကိုင်တပ်ဖွဲ့များ ၊ ပုန်ကန်ထကြွခဲ့၏။ သို့ဖြစ်၍ ၁.၂.၄၉ ရက်နေ့မှ စ၍ နိုင်ငံတော်အစိုးရမှ ကရင်တပ်များ ဆီသို့ လက်နက်များ သိမ်းပြီး ကရင်စစ်မှုထမ်းအားလုံးအား ခွင့်ရက်ရှည်ပေးရန် အမိန့်ထုတ်ပြန်ခဲ့၏။

သို့ဖြစ်၍ စစ်ဦးစီးချုပ် ဗိုလ်ချုပ်စမစ်ဒွန်းလည်း အငြိမ်းစားယူရ၏။

ဟု မှတ်တမ်းပြုထားသည် ကို တွေ့ရ၏။ ထို့နောက်ပိုင်း ဗိုလ်ချုပ်စမ

စ်ဒွန်းသည် တပ်မတော် အဖွဲ့အစည်းမှ ပျောက်ကွယ်သွားလို သူ့ကဏ္ဍသည် လည်း ရပ်တန့်သွားခဲ့၏။

ပြောရလျှင် သူသည် တပ်မတော်အတွက် သစ္စာဖောက်ဖြစ်ခဲ့သော်လည်း ကရင်အမျိုးသားများ အတွက်မူ သစ္စာရှိသူရဲကောင်းပင်ဖြစ်သည်။

ဟု ဆိုကြသည် မှာ လွန်အံ့မထင်ချေ။

*